ဒီမိုကရေစီ

လူ့အခွင့်အရေး

နှင့်

# ပြည်သူ့အာဏာ

မြင့်ထွန်း



# နိဒါန်း

ဤ 'ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် ပြည်သူ့အာဏာ'ဟူသည့် စာအုပ်လေးသည် ပြည်သူအားလုံး သိသင့်သိထိုက် ဖတ်သင့်ဖတ်ထိုက်သော စာအုပ်လေးတစ်အုပ်၊ လက်စွဲပြု၍ ကိုင်ဆောင်ပြီး လူငယ်အချင်းချင်း လက်ဆင့်ကမ်း၍ လက်ဆောင်ပေးသင့်သော စာအုပ်လေး တစ်အုပ်ဖြစ်သည် ။

ဤစာအုပ်ကပေးသော ဒီမိုကရေစီအသိ၊ လူ့အခွင့်အရေးအသိ၊ ပြည်သူ့အာဏာဟူ သည့်အသိသည် လူနှင့်လူပတ်ဝန်းကျင် အသိုင်းအဝိုင်း အဖွဲ့အစည်းများ အတွင်း၌ အလွန် လျင်မြန်စွာ ပျံ့နှံ့၍ ကျယ်ကျယ်ပြန့်ပြန့် သိမြင်သွားရန် လိုအပ်ပေသည် ။

ဤစာအုပ်လေးမှ ဒီမိုကရေစီအသိ၊ လူ့အခွင့်အရေးအသိ၊ ပြည်သူ့အာဏာဟူသည့် အသိကို စာရေးသူသိသကဲ့သို့ စာဖတ်သူပရိသတ်တိုင်း သိရှိနားလည်သွားစေရန် အကြောင်း အရာတိုင်းကို တိုတိုတုတ်တုတ် ရေးဖွဲ့ထားသည် ။

ဒီမိုကရေစီဆိုသည် မှာ လည်း ဤစာအုပ်လေးပါ အကြောင်းအရာအတိုင်း လွယ်လွယ် ကလေးပါလားဟု လည်း သိမြင်ခံစားသွားစေရပါမည်။ အမှန်တကယ်လည်း ဒီမိုကရေစီကို လူတိုင်းလူတိုင်းက အကြီးကြီးဟု လည်းကောင်း၊ လိုက်မမီနိုင်အောင် ကြီးမားကျယ်ပြန့်သည် ဟု လည်းကောင်း တွေးထားကောင်း တွေးထားကြပေလိမ့်မည်။

ဤသို့မဟုတ်ပေ။ ဒီမိုကရေစီစနစ်သည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဟူသည် ကို ဦးစားပေးတန်ဖိုးထားကျင့်သုံးသော နိုင်ငံရေးစနစ်ကလေးတစ်ရပ်သာ ဖြစ်လေသည် ။ ဒီမိုက ရေစီက သင့်ကိုလူတစ်ယောက်ချင်းစီ၏ တန်ဖိုးကို အလေးထားတတ်စေရန် လေ့ကျင့်သင် ကြားပေးလို

မ့်မည်။

ဒီမိုကေဂရစီက သင့်ကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် တန်ဖိုးထားမြတ်နိုးတတ်စေ ရန် လေ့ကျင့်သင်ကြားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် တန်ဖိုးထားမြတ်နိုးတတ်စေ ရန် လေ့ကျင့်သင်ကြားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုမိမိကိုယ်မိမိ တန်ဖိုးထားလေးစားပြီး ထိန်းသိမ်းစောင့်ရှောက် တတ်စေရန် လေ့ကျင့်သင်ကြားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကို အရာရာတိုင်း၌ တန်ဖိုးထားလေးစားခြင်းဟူသော ပေတံတစ် ချောင်းသာပေးသော နိုင်ငံရေးစနစ်ဟု သိမြင်တတ်သော အသိကို သင်ကြားပေးလိမ့်မည်ဖြစ် သည် ။

ဒီမိုကရေစီသည် နိုင်ငံရေးစနစ် ရှုပ်ထွေးမှုမရှိဘဲ ရှင်းလင်းမြင်သာသော၊ ပွင့်လင်း သော၊ လွတ်လပ်သော၊ အချုပ်အနှောင်မဲ့သော၊ ယဉ်ကျေးမှုမြင့်မားသော၊ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟု န် အလွန်ကောင်းမွန်သောစနစ်ဖြစ်သည် ကိုသာ မြင်သာပေလိမ့်မည်။

ဒီမိုကရေစီက သင်၏ ‘မဲဆန္ဒရှင်’ဟူသော မိမိကိုယ်မိမိ ဂုဏ်ယူစိတ်မွေးဖွားမိစေရန် ဖန်တီးပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ပေါက်လာစေမည့် နည်းပညာကို သင်ကြားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုခေါင်းဆောင်စိတ်၊ ဦးဆောင်သူစိတ်မျိုး ပေါ်ပေါက်လာစေရန် တွန်းအားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုဗြဟ္မစိုရ်တရားများ မွေးဖွားကိန်းဝပ်စေရန် နှိုးဆော်ပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကိုသမ္မတသည် လည်းကောင်း၊ ဒီမိုကရေစီသည် လည်းကောင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ပြည်သူ့ အာဏာတို့ ကို အဘယ်ကဲ့သို့ အသုံးပြု ကာ နိုင်ငံကို တည်ဆောက်ပေး သင့်သနည်းဟူသည့် အတွေးအခေါ်ကို ဆင်ခြင်တုံတရားနှင့် အညီ သင်ကြားပေးလိမ့်မည်။

ဒီမိုကရေစီက သင့်ကို အနိမ့်ဆုံးအဆင့်အနေဖြင့် နိုင်ငံရေးလုပ်ကိုင် တတ်အောင် ဆွဲ ဆောင်စည်းရုံးသွားလိမ့်မည်ဖြစ်ကြောင်း ဤစာအုပ်က မကျဉ်းမကျယ်ဗဟု သုတတိုးဖွယ် ကျင့် ကြံလိုက်နာကျင့်သုံးဖွယ်ရာများ ကို ပေးစွမ်းသွားပေလိမ့်မည်။

ထို့ကြောင့် ဤစာအုပ်သည် ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးနှင့် ပြ ည်သူ့အာဏာ’တို့ အပြန်အလှန်ဆက်စပ်ပြီး မြန်မာပြည်သူပြည်သား အ ထူးသဖြင့် အသိဉာဏ်ဖွံ့ဖြိုးစအရွယ် လူ ငယ်တိုင်းလူငယ်တိုင်းအတွက် ဒီမိုကရေစီစနစ်၏ သိသင့်ဖွယ်၊ မှတ်အပ်ဖွယ်အကြောင်းအရာ များကို အခန်းစုံကဏ္ဍာဖြင့် မသိသူမရှင်းမလင်းဖြစ်နေသူများ အတွက် ရှင်းလင်း သိမြင်သွားစေ မည်ဖြစ်လေသည် ။

**စာရေးသူ**

**မြင့်ထွန်း**

***